မြန်မာခရစ်ယာန်မိသဟာယအသင်းတော်

Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. __ Volume 18 / Issue 8 / September 2025*

## Happy Grandparents Day

**Special Sunday Event**

***BCF Grandparents Day Worship Service***

**September / 21 / 2025**

**2:00 PM**

***Burmese Christian Fellowship***
**1337 Farmstead Ave. La Puente, CA 91745**

***Please join us***

***After the Worship Service, We will be served Pot Luck Dinner***.

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

မြေးတို့သည်
အသက်ကြီးသောသူ၏ သရဖူ ဖြစ်၏။ (သုတ္တံကျမ်း၊ ၁၇း၆)

**Grandchildren are like**
**a crown to older people. (Proverbs 17:6)**

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

## *2025 September, Sunday Worship Programs:*

**September 2025**

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
|---|---|---|---|---|---|---|
| | 1 | 2 | 3 | 4 | 5 | 6 |
| 7 | 8 | 9 | 10 | 11 | 12 | 13 |
| 14 | 15 | 16 | 17 | 18 | 19 | 20 |
| 21 | 22 | 23 | 24 | 25 | 26 | 27 |
| 28 | 29 | 30 | | | | |

*7, 2025 … Holy Communion Sunday*

*14, 2025 … Regular Sunday Worship Service*

*21, 2025 … B.C.F Grandparents day Worship Service*

*28, 2025 … Regular Sunday Worship Service*

******* BCF will celebrate Grandparents Day Celebration on September 21, 2025. To honor Grandparents those who wish to donate Certificates or 15 Love Gifts. *******

---

*Worship Place*
*Burmese Christian Fellowship*
*1337 Farmstead Ave.*
*La Puente, CA 91745*

*Worship Service*
*Sunday Worship (Sunday) 2:00 PM*
*Sunday school (Sunday) 2:15 PM*

*Bible Study …. Sunday 1:00-2:00 PM*
*Prayer Meeting …. Every Saturday, 2:00 PM*

# အဘိုးအဘွားတို့အားရိုသေလေးစားဂုဏ်ပြုပါ၏။

## မင်္ဂလာရှိသောအဘိုးအဘွား

ထာဝရဘုရားကို ကြောက်ရွံ့၍၊
ပညတ်တော်တို့၌ အလွန်မွေ့လျော်သော
သူသည်မင်္ဂလာရှိ၏။
ထိုသူ၏ သားမြေးတို့သည် မြေပေါ်မှာ
အားကြီးကြလိမ့်မည်။

ဖြောင့်မတ်သောသူတို့၏ အမျိုးအနွယ်သည်
မင်္ဂလာရှိတတ်၏။
ထိုသူ၏အိမ်၌ စည်းစိမ်ဥစ္စာ ကြွယ်ဝ၍၊
သူ၏ကောင်းကျိုးသည် အစဉ်အမြဲတည်တတ်၏။

စွန်ပလွံပင်ကဲ့သို့ ပွင့်လန်း၍၊
လေဗနုန်တောင်ပေါ်မှာ အာရဇ်ပင်ကဲ့သို့ ကြီးပွားလိမ့်မည်။

အသက်ကြီးသော ကာလတွင်ပင်၊
အသီးကိုသီး၍ ကြွယ်ဝ စိမ်းလန်း ကြလိမ့်မည်။
ဘုရားသခင်၏ တန်တိုင်းတော်တွင် ပွင့်လန်း ကြလိမ့်မည်။
တရားဆုံးဖြတ်ရာ ကာလ၌ အောင်ခြင်းသို့
ရောက်လိမ့်မည်။
အကယ်စင်စစ် လှုပ်ရှားခြင်းနှင့် အစဉ်ကင်းလွတ်လိမ့်မည်။

**ဆာလံကျမ်းမှကောက်နှုတ်ချက်**

**မှတ်ချက်၊– ရေးတော့အမှန်...အဘိုးအဘွား၊**
**ဖတ်တော့အသံ...အဖိုးအဖွား၊**

# အဘိုးအဘွားများနေ့တွင်<br>ဆုတောင်းခြင်း၊ သတိရခြင်း နှင့် ကျေးဇူးတင်ခြင်း ...

မေတ္တာ၊ စေတနာ၊ ဂရုဏာ၊ ကျေးဇူးတော်ဖြင့်
အစဉ်ကြည့်ရှု စောင့်ထိန်းတော်မူသော အဘထာဝရဘုရားထံ ဆုတောင်းပါ၏။

အိုအဘဘုရားသခင် ကျွန်တော်/ကျွန်မ တို့၏ ဆုတောင်းသံကိုနားညောင်းတော်မူပါ။

ကျွန်တော်/ကျွန်မ တို့၏ နေ့စဉ်အသက်တာတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်နေကြသောအဘိုးအဘွားများအတွက် အဖဘုရားသင်ကို အထူးကျေးဇူးတင်ရှိပါသည်။

ကျွန်တော်/ကျွန်မ တို့ကို ငယ်ရွယ်အချိန်မှစ၍ အနီးကပ်ပြုစုပျိုးထောင်ပေးသော အဘိုးအဘွားများကို ပေးထား၍ အတူတကွ နေထိုင်ရသောကြောင့် သူတို့၏နွေးထွေးမှု၊ ဆုံးမသွန်သင်မှုများအတွက်ငင်း၊ အတူတကွ သွားလာလုပ်ဆောင်ရသည့်အချိန်တိုင်းမှာ ရယ်မောပျော်ရွှင် ကြည်နူးခဲ့ရသည်တို့ကို အောက်မေ့မိပါသည်။

ကျွန်တော်/ကျွန်မ တို့ကို အဖဘုရားသခင်ကို သိရှိယုံကြည်၍ နီးကပ်စွာအသက်ရှင်နေထိုင်ရန်အတွက် သမ္မာကျမ်းစာဖတ်ပြခြင်း၊ ရွှေကျမ်းချက်များအတူဖတ်ရွတ်ခြင်း၊ ဆုတောင်းခြင်းကိုသင်ပေးခဲ့ခြင်း၊ ဓမ္မတေးသီချင်းများသီဆိုခြင်း၊ အတူတကွလမ်းလျှောက်ခြင်း၊ ပုံပြင်ပြော၍ချော့သိပ်ခြင်း၊ ရေမြေတောတောင်၊ သစ်ပင်ပန်းပင်များ၊ သဘာဝ၏အံ့ဖွယ်အကြောင်းတို့ကို လေ့လာခြင်းစသည့်အရာများကို အတူတကွ ပျော်ရွှင်စွာ လုပ်ဆောင်ရသောအချိန်တိုင်းကို သတိရမိပါသည်။

ကျွန်တော်/ကျွန်မ တို့ အသက်ရှင်ရာ နေ့စဉ်ကြုံတွေ့ရင်ဆိုင်ရမည့်အခက်အခဲကို စိတ်မပျက်ဘဲကြိုးစား၍ဇွဲလုံ့လဖြင့်လုပ်ဆောင်နိုင်ရန်၊ စိတ်ရှည်သည်းခံရန်၊ ခက်ခဲသောအချိန်များကို သတ္တိရှိရှိခံနိုင်ရည်ရှိစေရန် ဘဝပုံပြင်များ၊ သမ္မာကျမ်းစာထဲမှ သူရဲခေါင်းများ၏အကြောင်း တို့ကို ပြောပြ၍စိတ်ဓါတ်ကို လှုံ့ဆော်ပေးခဲ့သည့်အပြင် မိမိတို့၏ဘဝပုံပြင်များကို အချိန်ခါရှိတိုင်း အမှတ်ရစေရန်ပြောခဲ့သောကြောင့် အဘိုးအဘွားများကို အစဉ်သတိရ၍ ကျေးဇူးတင်နေပါသည်။

အဘိုးအဘွားများတို့သည် မိမိတို့၏မြေးများကိုချစ်၍၊ ပျက်စီးခြင်းလမ်းသို့မရောက်ရလေအောင်၊ ပညာသင်ကြားရေး၌လမ်းဖြောင့်ဖြူးရအောင်၊ နေ့ရက်စဉ်တိုင်းမှာ ကျန်းမာရွှင်လန်း၍စိတ်ပျော်ရွှင်စေဖို့ ဆုတောင်းမေတ္တာပို့ပေးသူများဖြစ်၍၊ ကျွန်ုပ်တို့အတွက် အထူးအဖိုးထိုက်ထိုက်ပါပေ၏။

'သားသမီးမှာအချစ် .. မြေးမှာအနှစ်' ဆိုစကားအရ၊ အဘိုးအဘွားများတို့ကို အထူးကျေးဇူးတင်လျက်ဂုဏ်ပြုပါသည်။

အဘိုးအဘွားများ၊ မိဘများ၊ သားသမီးများ၊ မြေးမြစ်များ .. အစရှိသည့် ဆွေမျိုးအစဉ်အဆက်၊ လူမျိုးအစဉ်အဆက်၊ အထောင်အသောင်း တိုင်အောင် မေတ္တာ၊ ဂရုဏာ၊ စေတနာ ထားတော်မူသော အဘထာဝရဘုရားသခင်ကို ထူးကျေးဇူးတင်ရှိပါ၏။ အစိုးပိုင်သောအခွင့်နှင့် ဘုန်းတန်ခိုးအာနုဘော်သည် ကမ္ဘာအဆက်ဆက်ကိုယ်တော်၌ရှိပါ၏။

ယေရှုခရစ်တော်၏မြတ်နာမ၌ –
အာမင်။

# ယုံကြည်သူတိုင်းသိမှတ်စွဲလန်းရမည့်အရာများ၊–

**ဘုရားသခင်၏နှုတ်ကပတ်တရားတော်၊**

ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့်ပြုပြင်ခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနှင့်ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့်စိတ်ဝိညာဉ်ကိုင်း၊ အရိုးအဆစ်နှင့်ခြင်ဆီကိုင်း၊ ပိုင်ခြား၍ ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်း သိမြင်တတ်၏။ (ဟေဗြဲသြဝါဒစာ။ ၄း၁၂)

**ယေရှုခရစ်တော်၊**

ယေရှုခရစ်တော်သည် အဘဘုရားသခင်၏သဏ္ဍာန်တော်နှင့် ပြည့်စုံတော်မူသည် ဖြစ်၍၊ ဘုရားသခင်နှင့် ပြိုင်သောအမှုကို လုယူခြင်းအမှုဟူ၍ မထင်မမှတ်လျက်ပင်၊ မိမိအသရေကို စွန့်၍ အစေခံကျွန်၏သဏ္ဍာန်ကို ယူဆောင်လျက်၊ လူကဲ့သို့သောအဖြစ်၌ ဘွားမြင်ခြင်းကို ခံတော်မူ၏။ (ဖိလိပ္ပိသြဝါဒစာ၊၂း၆–၇)

**သန့်ရှင်းသောဝိညာဉ်တော်၊**

ဥပဒ္ဓျာယ်ဆရာတည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့အား ခပ်သိမ်းသောအရာတို့ကို ပြသသွန်သင်တော်မူ၍၊ ငါပြောခဲ့သမျှသောစကားတို့ကို မှတ်မိသောဉာဏ်ကို သင်တို့အား ပေးတော်မူမည်။ (ရှင်ယောဟန်ခရစ်ဝင်ကျမ်း၁၄း၁၆)

**ယေရှုခရစ်တော်၌ရှိသော စိတ်သဘော(၇)မျိုး၊**

၁။ ယုံကြည်ခြင်း၊

၂။ ချစ်ခြင်း၊

၃။ ဖြောင့်မတ်ခြင်း၊

၄။ ကျေးဇူးပြုခြင်း၊

၅။ သည်းခံခွင့်လွှတ်ခြင်း၊

၆။ နှိမ့်ချအစေခံခြင်း၊

၇။ ဆုံးမသြဝါဒပေးခြင်း၊ ... စသည်တို့ ဖြစ်သည်။

**ဆင်ခြင်နှလုံးသွင်းရန်၊**

– ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့။ (ဖိလိပ္ပိ၊၂း၅)

– သင်တို့သည် ကိုယ်၌သူတပါး ပြုစေလိုသမျှအတိုင်း သူတပါး၌ ပြုကြလော့။ ဤပြည်တော်ကား ပညတ္တိကျမ်းနှင့်အနာဂတ္တိကျမ်းတို့၏ အချုပ်အချာပင်ဖြစ်သတည်း။ (မဿဲ၊၇း၁၂)

– ယနေ့တွင်၊ သင်တို့သည် ဗျာဒိတ်တော်အသံကို ကြားလျက်ရှိသည် ဖြစ်၍၊ ခိုင်မာသောစိတ်နှလုံး မရှိကြနှင့်။ (ဟေဗြဲ၊၄း၇)

အချင်းချစ်သူ၊ မကောင်းသောနည်းကိုမလိုက်နှင့်၊ ကောင်းသောနည်းကိုသာလိုက်လော့။ ကောင်းသောအကျင့်ကိုကျင့်သောသူသည် ဘုရားသခင်နှင့် စပ်ဆိုင်၏။ မကောင်းသောအကျင့်ကို ကျင့်သောသူမူကား၊ ဘုရားသခင်ကို မသိမမြင်ရပြီ။ (၃ယော၊၁း၁၁)

လူအပေါင်းတို့အား ခပ်သိမ်းသောအရာ တို့ကို ပြသသွန်သင်တော်မူ၍ မှတ်မိနိုင်သောဉာဏ်ကို ပေးတော်မူသော ဥပဒ္ဓျာယ်ဆရာတည်းဟူသော သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှုကို ခံယူပြီး၊ သမ္မာကျမ်းစာထဲ၌ ရေးသားသမျှတို့ကို ရှင်းလင်းစွာသိမြင်လာပြီးနောက် လက်တွေ့ကျင့်သုံးကာ လိုက်ရောက်ကြရမည်။

**ယုံကြည်သူတိုင်း ကျင့်စောင့်ရမည့် အကျင့်(၇)မျိုး၊**

| | |
|---|---|
| ၁။ သမ္မာတရားနှင့်ဆိုင်သောအကျင့်၊ | ၅။ သူတပါးနှစ်သက်ဘွယ်သောအကျင့်၊ |
| ၂။ လျောက်ပတ်သောအကျင့်၊ | ၆။ ချီးမွမ်းဘွယ်သောအကျင့်၊ |
| ၃။ ဖြောင့်မတ်သောအကျင့်၊ | ၇။ ပါရမီတပါးပါး၊ ကောင်းသောသီတင်းတပါးပါး နှင့်ဆိုင်သောအကျင့် စသည်တို့ ဖြစ်သည်။ |
| ၄။ စင်ကြယ်သောအကျင့်၊ | |

**ဆင်ခြင်နှလုံးသွင်းရန်၊**

သင်တို့ကို အဘယ်သူမျှ မထီမဲ့မြင် မပြုစေခြင်းငှါ– စကားပြောခြင်း၊ ကျင့်ကြံပြုမူခြင်း၊ သူတပါးကို ချစ်ခြင်း၊ ဝိညာဉ်သဘော ရှိခြင်း၊ သစ္စာစောင့်ခြင်း၊ စင်ကြယ်ခြင်းအရာမှာ ယုံကြည်သောသူတို့အား ပုံသက်သေဖြစ်ပြပါ။ သမ္မာကျမ်းစာကိုဘတ်ခြင်း၊ တိုက်တွန်းသွေးဆောင်ခြင်း၊ ဆုံးမသြဝါဒပေးခြင်းကို ကြိုးစား၍ပြုရမည်။ (တိမောသေသြဝါဒစာပဌမစောင်၊၄း၁၂–၁၃)

သင်တို့သည် လောကီပုံသဏ္ဍာန်ကိုမဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဘွယ်သောအရာ၊ စုံလင်သောအရာဟူတည်းဟူသော ဘုရားသခင်အလိုတော်ရှိသောအရာသည် အဘယ်အရာ ဖြစ်သည်ကို သင်ယူသိမှတ်ပြီး၊ သင်တို့၏စိတ်နှလုံးကို အသင့်ပြင်ဆင်၍ ပုံသဏ္ဍာန်ပြောင်းလဲခြင်းရှိရမည်။ (ရောမသြဝါဒစာ၊၁၂း၂)

**ယုံကြည်သူတိုင်း ရှောင်ရှားရမည့်အရာများ၊**

အချင်းချစ်သူတို့၊ သူတပါးသည် သင်တို့ကို ပြစ်မှားလျှင်၊

– ကိုယ်တိုင်အပြစ်ပြန်၍ မတုံ့ကြနှင့်။

– ဂုဏ်စည်းစိမ်ကို ငဲ့ကွက်ခြင်း မရှိကြနှင့်။

– ငါသည် ပညာရှိ၏ဟု ကိုယ့်ကိုယ်ကို မထင်ကြနှင့်။

– အဘယ်သူကိုမျှ ရန်တုံ့မမူကြနှင့်။ (ရောမသြဝါဒစာ၊၁၂း၉–၁၉)

**ဆင်ခြင်နှလုံးသွင်းရန်၊**

– ယုံသောစိတ်မရှိဘဲ ကျင့်သမျှသောအကျင့်တို့သည် အပြစ်ရှိကြ၏။ (ရောမ၊၁၄း၂၃)

– ဝိညာဉ်နှင့်ကင်းသောကိုယ်သည် အသေဖြစ်သကဲ့သို့၊
အကျင့်နှင့်ကင်းသောယုံကြည်ခြင်းသည် အသေဖြစ်၏။ (ရှင်ယာကုပ်သြဝါဒစာ၊၂း၂၆)

**ထာဝရဘုရားသခင်သည် ဘုန်းအာနုဘော်၌ စံပယ်တော်မူသော စည်းစိမ်ရှိသည်အတိုင်း၊ သင်တို့အလိုရှိသမျှတို့ကို ယေရှုခရစ်တော်အားဖြင့် ပြည့်စုံစေတော်မူလိမ့်မည်။ (ဖိလိပ္ပိ၊၄း၁၉)**

# ဘုရားသခင်ထံတော်သို့တိုးဝင်ချဉ်းကပ်ဆုတောင်းခံရန်
# အခြေခံအကြောင်းအရာ နှင့် သမ္မာကျမ်းချက်များ

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

**ကောင်းချီးမင်္ဂလာတောင်းခံခြင်း၊**

* ထာဝရဘုရားသည်၊ သင့်ကို ကောင်းကြီးပေး၍ စောင့်မတော်မူပါစေ။
* ထာဝရဘုရားသည် သင်၌မျက်နှာတော်အလင်းကို လွှတ်၍ကရုဏာကျေးဇူးပြုတော်မူပါစေ။
* ထာဝရဘုရားသည် သင့်ကိုမြော်ကြည့်၍ ချမ်းသာပေးတော်မူပါစေ။

(တောလည်ရာကျမ်း၊ ၆း၂၄–၂၆။)

**မျှော်လင့်ချက်တောင်းခံခြင်း၊**

* သင်တို့အတွက် ငါ၌ရှိသော အကြံအစည်များကို ငါသိ၏ ဟုထာဝရဘုရား မိန့်တော်မူခဲ့သည်။
* သင့်အား မထိခိုက်စေရန် အကြံအစည်များ၊ မျှော်လင့်ချက်များနှင့်အနာဂတ်ကို ပေးမည်။
* သင်တို့သည် ငါ့ကိုခေါ်၍ သွားလာကြလိမ့်မည်။
* ဆုတောင်းသောအခါ သင်တို့စကားကို ငါနားထောင်မည်။
* ငါ့ကိုရှာသောအခါ၊ စိတ်နှလုံးအကြွင်းမဲ့နှင့် ရှာလျှင် တွေ့ကြလိမ့်မည်။
* ငါသည်လည်း၊ သင်တို့အတွေ့ကို ခံမည်။

(ယေရမိအနာဂတ္တိကျမ်း၊၂၉း၁၂–၁၄။)

**ငြိမ်သက်ခြင်းတောင်းခံခြင်း၊**

* သခင်ဘုရားသည် အနီးအပါး၌ ရှိတော်မူ၏။
* အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဌနာပြုပါ။
* သင်တို့တောင်းဆိုလိုသော အရာများတို့ကို ဘုရားသခင်အား တင်ပြ၍ကြားလျှောက်ပါ။
* ထိုသို့ပြုလျှင်၊ လူ၏ဉာဏ်ဖြင့်အဘယ်သူမျှကြံ၍မမှီနိုင်သော ဘုရားသခင်၏ငြိမ်သက်ခြင်းသည် ယေရှုခရစ်တော်အားဖြင့် သင်တို့၏စိတ်နှလုံး တို့ကို စောင့်မလိမ့်မည်။

(ဖိလိပ္ပိသြဝါဒစာ၊၄း၆–၇။)

**ကာကွယ်ခြင်းတောင်းခံခြင်း၊**

* မုဆိုး၏ကျော့ကွင်းနှင့်၎င်း၊ သေတတ်သောအနာနှင့်၎င်း၊ သင့်ကိုကင်းလွတ် စေတော်မူမည်။
* အတောင်တော် အမွေးနှင့်ဖုံးအုပ်တော်မူ၍၊ အတောင်တော်အောက်၌ သင်သည် လုံခြုံစွာနေရလိမ့်မည်။
* သစ္စာတော် သည် သင်၏ ဒိုင်းလွှားဖြစ်လိမ့်မည်။
* ညဥ့်အခါဖြစ်တတ်သောဘေးကို၎င်း၊ နေ့အချိန်၌ပစ်သောမြှားကို၎င်း၊ မှောင်မိုက်ထဲမှာလည်ပတ်သောကာလနာကို၎င်း၊ မွန်းတည့်အချိန်၌ဖျက်ဆီးတတ်သောဥပဒ်ကို၎င်း၊သင်သည်မကြောက်ရ။
* သင်၏အနားမှာ လူတထောင်၊ သင်၏လက်ျာ ဘက်မှာ လူတသောင်းလဲသော်လည်း၊ သင့်ကို မထိမခိုက်ရ။

* ထာဝရဘုရားသည် ငါခိုလှုံရာဖြစ်တော်မူ၏ဟု သင်သည်ဆို၍၊ အမြင့်ဆုံးသော ဘုရား၌နေရာကျသောကြောင့်၊ သင်၌မကောင်းသောအနိဋ္ဌရုပ်မကပ်မရောက်။ သင့်နေရာသို့ဘေးဥပဒ်မချဉ်းရ။ သွားလေရာရာ၌ သင့်ကိုစောင့်ရှောက်စေခြင်းငှာ၊ ကောင်းကင်တမန်တို့အား သင့်အဘို့မှာထားတော်မူသည် ဖြစ်၍၊ သင်၏ခြေကို ကျောက်နှင့် မထိမခိုက်စေခြင်းငှာ၊ သူတို့သည် သင့်ကိုလက်နှင့်မစချီပင့်ကြလိမ့်မည်။

(ဆာလံကျမ်း၊ ၉၁း၃–၁၂)

**ကယ်တင်ခြင်းတောင်းခံခြင်း။**

* "ယေရှုခရစ်တော်သည် သခင်ဖြစ်တော်မူ၏။" ဟု နှုတ်ဖြင့်ဝန်ခံပြီး ဘုရားသခင်သည် သူ့ကိုသေခြင်းမှ ထမြောက်စေတော်မူကြောင်းကို စိတ်နှလုံးထဲ၌ ယုံကြည်လျှင် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။ အကြောင်းမူကား၊ သင်သည် ယုံကြည်၍ ဖြောင့်မတ်ခြင်းသို့ ရောက်သည်ဖြစ်၍ စိတ်နှလုံးဖြင့် ဝန်ခံ၍ ကယ်တင်ခြင်းသို့ရောက်၏။

(ရောမသြဝါဒစာ၊ ၁၀း ၉–၁၀)

* ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။
ကိုယ်အလို အလျောက်ရောက်သည်မဟုတ်။
ဘုရားသခင် သနားတော်မူရာ ဖြစ်သတည်း။

(ဧဖက်သြဝါဒစာ၊၂း၈)

* ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည် ပျက်ဆီးခြင်းသို့မရောက်၊ ထာဝရအသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌တပါးတည်းသော သားတော်ကို စွန့်တော်မူသည်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။


(ရှင်ယောဟန်၊၃း၁၆)

* လောကီသားတို့အား အပြစ်စီရင်ခြင်းငှါ၊ ဘုရားသခင်သည် သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသည်မဟုတ်။ လောကီသားတို့သည် ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်မည်အကြောင်း စေလွှတ်တော်မူ၏။

(ရှင်ယောဟန်၊၃း၁၇)

* ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှါ စိတ်နှလုံးနှင့်ယုံကြည်ရ၏။
* ကယ်တင်ခြင်းသို့ရောက်ခြင်းငှါ နှုတ်ဖြင့်ဝန်ခံရ၏။

(ရောမသြဝါဒစာ၊ ၁၀း၁၃)


~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~